# Children’s Court

## လူငယ်များအတွက်သိကောင်းစရာအချက်အလက်များ

## Children’s Court ဆိုသည်မှာအဘယ်နည်း။

Children’s Court ဆိုသည်မှာ ကလေးသူငယ်များနှင့် လူငယ်များ၏ စောင့်ရှောက်မှုနှင့် အကာအကွယ်ပေးမှုတို့အတွက် စိတ်ပူပန်ရခြင်းနှင့် စိုးရိမ်ရခြင်းတို့ကို ကြားနာသော အထူးတရားရုံး ဖြစ်ပါသည်။

Department of Health and Human Services ဌာနမှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ (ဝန်ထမ်း) က သင့်ဘေးကင်း လုံခြုံရေးနှင့် ကောင်းကျိုးသုခကို စိတ်ပူပန်သည့်အတွက် သင်နှင့် သင့်မိသားစုတို့က Children’s Court နှင့် ပတ်သက်နေရခြင်း ဖြစ်ပါသည်။

ဤစိတ်ပူပန်ရခြင်းများကြောင့် ဝန်ထမ်းက တရားရုံးကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေးအတွက်လျှောက်ထားခြင်း ဖြစ်သည်။

ဤအဖြစ်အပျက်က သင်သည် ပြဿနာတက်တော့မည် - ဒုက္ခရောက်တော့မည်ဟု မဆိုလိုပါ။

## တရားရုံးတွင် ဘာဖြစ်မည်နည်း။

တရားသူကြီးက သင်နှင့်သင့်မိသားစု၏ အခြေအနေကိုမေးမြန်းပြီး သင့်အတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်းမည့် ဆုံးဖြတ်ချက်ချမှတ်ပါလိမ့်မည်။ ဆုံးဖြတ်ရာတွင် သင့်အား ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်၊မလိုအပ်နှင့် အကယ်၍လိုအပ်ပါက သင့်အတွက်အကောင်းဆုံး စောင့်ရှောက်မှုပေးနိုင်မည့် နည်းလမ်းကို ဆုံးဖြတ်မည် ဖြစ်ပါသည်။

ဝန်ထမ်းက တရားသူကြီးအား သင့်အတွက် မည်သည့်နည်းလမ်းသည် အကောင်းဆုံး ဖြစ်ကြောင်းနှင့် အဘယ်ကြောင့် သင့်မှာဘေးအန္တရာယ်ရှိသည်ဟု သူယူဆကြောင်း ရှင်းပြပါမည်။

ရှေ့နေတစ်ဦးက သင်နှင့်ဆွေးနွေးပြီး တရားသူကြီးကသင်ဖြစ်စေလိုသည်များကို သိရှိစေရန်အတွက် တရားရုံးတွင် သင့်အတွက်ကိုယ်စားပြုပေးပါမည်။

တရားသူကြီးက ဝန်ထမ်းနှင့် သင်နှင့်သင့်မိသားစုကိုသိကျွမ်းသောအခြား တတ်သိ ပညာရှင်များက တင်ပြသည့် အစီရင်ခံစာများကို ဖတ်ကောင်း ဖတ်ပါလိမ့်မည်။ တရားသူကြီးကသက်သေများအားလည်း သင့်အခြေအနေနှင့် ပတ်သက်ပြီး မေးကောင်း မေးနိုင်ပါသည်။ ထို့နောက်တရားသူကြီးက ပြောဆိုတင်ပြခဲ့သည်များအပေါ် သင့်မိဘများ၏ ထင်မြင်ယူဆချက်ကို မေးကောင်း မေးပါလိမ့်မည်။

သင့်အား အနာဂတ်တွင် မည်သို့ကောင်းမွန်စွာ စောင့်ရှောက်မှုနှင့် ကာကွယ်မှုပေးမည် ဆိုသည်ကို သေချာစေရေးအတွက် ဆုံးဖြတ်ရန်မှာ တရားသူကြီး၏ တာဝန်ဖြစ်သည်။

## ကျွန်ုပ်က တရားရုံးသို့ သွားရမည်လား။

သင်သည် တရားရုံးမှ ပထမဆုံးအကြိမ်ကြားနာခြင်းကို သွားရမည်ဖြစ်သည်။ သို့သော် မည်သည့်နောက်ဆက်တွဲရုံးချိန်းကိုမဆို တရားရုံးမှ သင့်ကိုလာရန် ဆင့်ခေါ်ခြင်း မပြုပါက သင်သွားရန်မလိုအပ်ပါ။ သင်ကသွားလိုလျှင် သွားနိုင်ပါသည်။ အကယ်၍ သင်မသွားလိုပါက တရားရုံးတွင် သင့်ကိုယ်စား ပြောဆိုပေးမည့် ရှေ့နေတစ်ဦးနှင့် သင်ဆွေးနွေးရန် သင့်ကို အခွင့်အရေး ပေးသင့်သည်။ ရှေ့နေက သင့်ထင်မြင်ယူဆချက်များနှင့် သင့် လိုလားချက်များအား သိလိုပါလိမ့်မည်။ ဝန်ထမ်းက ဤအချက်အလက်များအား သင့်ကိုရှင်းပြပြီး သင် တရားရုံးသို့ သွားရန်မလိုအပ်လျှင် တရားရုံးနှင့် ဝေးရာ တစ်နေရာတွင် သင့်ရှေ့နေနှင့်တွေ့ဆုံရန် စီစဉ်ပေးပါလိမ့်မည်။

## ကျွန်ုပ်အတွက်အကောင်းဆုံး အကျိုးကျေးဇူး ဆိုသည်မှာအဘယ်နည်း။

သင့်အတွက်အကောင်းဆုံး အကျိုးကျေးဇူးဆိုသည်မှာ သင့်အတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တရားသူကြီးနှင့် ဝန်ထမ်းတို့က စဉ်းစားရန် လိုအပ်သည့် အချက်အလက်များ၏ စာရင်း ဖြစ်ပါသည်။ သင့်အတွက် အကောင်းဆုံး အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းအားဖြင့် သင့်အား ဘေးအန္တရာယ်မှကာကွယ်ပေးနိုင်မည်၊ သင့် ရပိုင်ခွင့်အခွင့်အရေးများ ပိုမိုရရှိစေမည်၊ ထို့အပြင် သင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ပံ့ပိုးမှု ရမည်ဟု တရားဥပဒေက ဆိုထားသည်။ စဉ်းစားရန်လိုအပ်သည့်အချက်အလက်များ၏ စာရင်းတွင် အကယ်၍ဖြစ်နိုင်ပါက သင့်မိသားစုနှင့်သင် အတူနေရန်အတွက် မည်ကဲ့သို့ အကောင်းဆုံးကူညီပေးနိုင်မည်၊ အကယ်၍သင်သည် အိမ်နှင့် ဝေးရာတွင် နေရပါကသင့် ယဉ်ကျေးမှု၊ ကျောင်း၊ သင့်မိသားစုနှင့် ဆက်သွယ်မှုတို့နှင့် စပ်ဆိုင်ရာ လိုအပ်ချက်များကို မည်ကဲ့သို့ အကောင်းဆုံး ကူညီပေးနိုင်မည်၊ ထို့အပြင် သင်ဖြစ်စေလိုသည့်ဆန္ဒများ ပါဝင်ကြပါသည်။

## ကျွန်ုပ်က မည်သည့်နေရာမှာ နေရမည်နည်း။

Children’s Court က ဆုံးဖြတ်ချက်ကိုစဉ်းစားသုံးသပ်နေစဉ်အတွင်း သင်သည်အိမ်တွင်နေကောင်းနေရပါလိမ့်မည်။ သို့သော်တစ်ခါတစ်ရံတွင် လူငယ်များ၏အမှုကို တရားရုံးတင်ပြီး သူတို့အတွက် အနာဂတ်တွင် စောင့်ရှောက်မှုနှင့် အကောင်းဆုံးသော အကျိုးကျေးဇူးများရရန်အတွက် ဆုံးဖြတ်ချက်ချသည့် အချိန်ကာလမတိုင်ခင်အထိ၊ လက်ရှိဌာ ဘေးကင်းလုံခြုံမှုမရှိဘဲ နေထိုင်နေရပါက၊ သူတို့အား အခြားတစ်နေရာသို့ ရွှေ့ထားရန်လိုအပ်ပါသည်။ အကယ်၍ သင့်မှာ ဤကဲ့သို့ဖြစ်လာပါက သင့် အခြားမိသားစုဝင် တစ်ဦးဦးနှင့် သို့မဟုတ် မိတ်ဆွေတစ်ဦးဦးနှင့် အတူနေရန် ဝန်ထမ်းက သင်နှင့်ဆွေးနွေးပါလိမ့်မည်။ အကယ်၍ နည်းလမ်းကို ရွေးချယ်ပါက

ဝန်ထမ်းက သင်သည်ထိုသူနှင့် အတူနေရန် ဘေးကင်းလုံခြုံမှု ရှိ၊မရှိ စုံစမ်းစစ်ဆေးရန်လိုအပ်ပါလိမ့်မည်။ အကယ်၍ ဤနည်းလမ်းသည် မဖြစ်နိုင်ပါက သင့်အား အခြားတစ်နေရာ၊ ဥပမာ၊ မိဘများကိုယ်စား မိဘသဖွယ် ယာယီစောင့်ရှောက်မှုကဲ့သို့သော သင်နေထိုင်ရမည့်နေရာနှင့်ပတ်သက်ပြီး ဆွေးနွေးပါလိမ့်မည်။

အကယ်၍သင်သည် အိမ်နှင့်ဝေးရာနေရာတွင် နေထိုင်ရသော်လည်း သင့်မိသားစုနှင့် ဆက်လက်ဆက်သွယ်မှုရှိနေမည်ဖြစ်ပြီး အကယ်၍သင်လိုလားပါက သူတို့က လာရောက်လည်ပတ်နိုင်ပါသည်။ အများအားဖြင့် မူလက သင် တက်နေသော ကျောင်းကိုပင် သင်ဆက်လက်တက်ရမည်ဖြစ်ပြီး သင့်အခြားသောလုပ်ဆောင်မှုများကို ဆက်လက်လုပ်မြဲလုပ်နိုင်ပါမည်။ သင့်သူငယ်ချင်းများနှင့်လည်း အဆက်အသွယ်ထားနိုင်ပါသည်။ ဤအရာများအား မည်ကဲ့သို့လုပ်ရမည်ကို ဝန်ထမ်းအား မေးမြန်းပါ။ သင်အိမ်ပြင်ပတွင်နေထိုင်စဉ် မည်သည်တို့အား မျှော်လင့်ထားရမည့် အကြောင်းများကို သိနိုင်ရန်အတွက် သင့်အနေနှင့် ဝန်ထမ်းထံမှ "အိမ်ပြင်ပတွင် စောင့်ရှောက်မှု ပေးထားသော ကလေးများဆိုင်ရာ အမိန့်ပြန်တမ်း" *(The charter for children in out-of-home care)* ၏ မိတ္တူတစ်စုံကိုလည်း တောင်းနိုင်ပါသည်။

## ကျွန်ုပ်က အိမ်မှာနေထိုင်လိုပါလျှင် ဘာလုပ်ရမည်နည်း။

သင်အိမ်မှာနေထိုင်လိုကြောင်း တရားသူကြီးအား ပြောပြနိုင်ရန်အတွက် သင့်ရှေ့နေကို ပြောပြလိုက်ပါ။ တရားသူကြီးက ထိုသို့ဖြစ်နိုင်၊မဖြစ်နိုင် ဆုံးဖြတ်ပါလိမ့်မည်။ အကယ်၍ တရားသူကြီးက သင်သည် အိမ်မှာ ဘေးကင်းလုံခြုံမှု မရှိဟု ယူဆခဲ့လျှင် သင့်အား အိမ်ပြန်မပို့ပါ။

## ကျွန်ုပ် တရားရုံးအတွက် မည်ကဲ့သို့ပြင်ဆင်ရမည်နည်း။

သင့်ကိုယ်စား တရားသူကြီးထံတင်ပြလျှောက်ထားပေးရန်အတွက် တရားရုံးတွင် ရှေ့နေတစ်ဦးက သင့်အားကိုယ်စားပြုပေးပါလိမ့်မည်။ သင့်အနေနှင့် ဝန်ထမ်းနှင့် ရှေ့နေတို့အား မည်သည့်မေးခွန်းများမဆို မေးမြန်းနိုင်ပါသည်၊ ဥပမာ -

- တရားရုံးတွင် ဘာဖြစ်မည်နည်း
- ရှေ့ဆက်ဘာဖြစ်မည်နည်း
- အကယ်၍ တရားရုံ၏ ဆုံးဖြတ်ချက်သည် တရားမျှတမှု မရှိဟု ကျွန်ုပ်က ယူဆခဲ့လျှင် ကျွန်ုပ်ဘာလုပ်နိုင်သနည်း တို့ဖြစ်ပါသည်။

## အကယ်၍ကျွန်ုပ်သည် တရားရုံးသို့ သွားရန်ဆုံးဖြတ်ပါက ကျွန်ုပ်ဘာလုပ်ရန်လိုအပ်သနည်း။

အကယ်၍သင် တရားရုံးသို့ သွားရန်ဆုံးဖြတ်လျှင် ဝန်ထမ်းက လိုအပ်သည့် စီစဉ်မှုများ ပြုလုပ်ပေးမည်ဖြစ်ပြီး အကယ်၍သင်အိမ်တွင်မနေပါကလည်း သင့်အား ထိုနေ့တွင် တရားရုံးသို့ သူက ခေါ်သွားလေ့ရှိပါသည်။

သင့်အနေနှင့်သင့်ကို အားပေးကူညီရန်အတွက် ဆွေမျိုး သို့မဟုတ် သင် ယုံကြည်စိတ်ချသူတစ်ဦးဦးကို သင်နှင့်အတူလိုက်ရန် ခေါ်သွားနိုင်ပါသည်။

တရားရုံးတွင် သင့်ရှေ့နေက သင်နှင့်ဆွေးနွေးလိုမည်ဖြစ်ပြီး တရားရုံး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သင်မေးမြန်းလိုသည့် မည်သည့်မေးခွန်းကိုမဆို ဖြေကြားပေးပါလိမ့်မည်။

တရားရုံးများသည် အလွန်ပင်အလုပ်များကြပြီး သင် တရားခွင်တွင်းသို့ မဝင်ရသေးမီ အလွန်ကြာမြင့်စွာစောင့်ဆိုင်းရန် လိုအပ်နိုင်ပါသည်။

သင့်အမည်ကိုခေါ်လိုက်သည့်အခါ သင်နှင့် သင့်ရှေ့နေတို့ တရားရုံးအတွင်း ဝင်ကြရပါသည်။ ဝန်ထမ်းနှင့် သင့်မိသားစုသည်လည်း တရားရုံးအတွင်းတွင် ရှိနေကြပါမည်။ သင့်အား သင့်ရှေ့နေ၏ အနောက်တွင်ကပ်လျက် ထိုင်ရမည့် နေရာကို ပြသပါလိမ့်မည်။

## ကြားနာခြင်းသည် တစ်ကြိမ်မက ရှိမည်လား။

သေချာသလောက်ရှိပါသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု အဖွဲ့အစည်းက လူငယ်တစ်ဦးအား ကာကွယ်စောင့်ရှောက်မှုပေးပါရန် တင်ပြလျှောက်ထားချက်ကို စဉ်းစားဆုံးဖြတ်ရန် ကြားနာခြင်း နှစ်ကြိမ် သို့မဟုတ်ပိုပြီး လိုတတ်ပါသည်။

ပထမဆုံးအကြိမ်ကြားနာခြင်းတွင်တရားသူကြီးကနောက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်း (ရက်ရွှေ့) တတ်ပြီး ထိုနေ့အထိ သင် မည်သည့်နေရာတွင် နေထိုင်ရမည်ကို ဆုံးဖြတ်ပေးသည်။

## နောက်ထပ်ကြားနာခြင်းများတွင် ဘာဖြစ်မည်နည်း။

အကယ်၍ဝန်ထမ်း၊ သင်၊ သင့်မိဘများနှင့် တရားသူကြီးတို့က သင့်အတွက် အကောင်းဆုံး အကျိုးကျေးဇူးများနှင့်ပတ်သက်ပြီး သဘောတူညီမှုမရနိုင်ပါလျှင် တရားသူကြီးက သင့်အတွက် အကောင်းဆုံး အကျိုးကျေးဇူးများနှင့်ပတ်သက်ပြီး အဆုံးအဖြတ် ပေးပါလိမ့်မည်။

အကယ်၍သင်သည် ကာကွယ်စောင့်ရှောက်မှုပေးရန်လိုအပ်နေသည်ဟု ဆုံးဖြတ်ပါက တရားသူကြီးသည်သင့်အား ကာကွယ်စောင့်ရှောက်မှု ပေးရန်နှင့် သင့်အတွက် အကောင်းဆုံး အကျိုးကျေးဇူးများကို ကြည့်ရှုရန်အတွက် အမိန့်ချမှတ်ပါလိမ့်မည်။

အမိန့်များသည်သင့်အား ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်း၏ စဉ်ဆက်မပြတ် ကူညီပံ့ပိုးမှုမပါဘဲ သင့်မိဘများနှင့်နေထိုင်ရန် ခွင့်ပြုသည့် ကတိဝန်ခံချက်များမှသည် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေး အဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုဖြင့်သင့်အား သင့်မိဘများနှင့် နေထိုင်ခွင့်ပြုသည့် ကတိဝန်ခံချက်၊ သို့မဟုတ် သင်မိဘများနှင့် ဝေးရာတွင် သင့်နေ့စဉ်နှင့်အမျှ စောင့်ရှောက်မှုအတွက် တာဝန်ယူသည့် ဌာနသို့မဟုတ် အခြားသူတစ်ဦး (ဥပမာ၊ ဆွေမျိုး တစ်ယောက်) နှင့်နေခွင့်ပြုသည့် ကတိဝန်ခံချက်များ အမျိုးမျိုး ရှိကြသည်။

တရားရုံးက ထုတ်ပြန်နိုင်သောအမိန့်အမျိုးမျိုးမှာလည်း များစွာရှိပါသည်။ သင့် ဝန်ထမ်း သို့မဟုတ် သင့်ရှေ့နေက သင့်အတွက်ထုတ်ပြန်သော သီးခြားအမိန့်သည် သင့်အတွက် မည်သို့ဆိုလိုကြောင်း ရှင်းပြနိုင်ပါသည်။

## ကျွန်ုပ်ဥပဒေရေးရာ အကြံဉာဏ်ကိုဘယ်မှာရနိုင်မည်နည်း။

သင်သည် သင့်လိုလားချက်များကိုတရားသူကြီး သိရှိစေရန်အတွက် ရှေ့နေတစ်ဦး၏ အကူအညီရယူနိုင်ပါသည်။ ဝန်ထမ်း သို့မဟုတ် ကလေးသူငယ်ဆိုင်ရာ တရားရုံးက ရှေ့နေစီစဉ်ရန် အကူအညီပေးနိုင်ပါသည်။

ပိုမိုသိလိုပါကသင့် Department of Health and Human Services ရုံးကို ဆက်သွယ်ပါ။

## ဆက်သွယ်ရမည့်သူ၏ အချက်အလက်များ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ ဝန်ထမ်း၏အမည်မှာ –

သူ၏ Department of Health and Human Services ရုံးမှာ -

သူ့အား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ -

ဤစာစောင်ကို ဖွင့်ဖတ်နိုင်သော စီစဉ်ဖွဲ့စည်းမှုပုံစံဖြင့် ရလိုပါက cpmanual@dhhs.vic.gov.au သို့ အီးမေးလ် ပို့ပါ။

ဗစ်တိုးရီးယားပြည်နယ်အစိုးရ 1 Treasury Place, Melbourne က ခွင့်ပြုပြီး ထုတ်ဝေသည်။

© မူပိုင် ဗစ်တိုးရီးယားပြည်နယ် မတ်လ ၂၀၁၆ ခုနှစ်

www.cpmanual.vic.gov.au တွင် ရရှိနိုင်ပါသည်။